# Experiential Leadership Institute

# Batch 7

မာတိကာ


1. **Myanmar Youth Empowerment Opportunities (MYEO) နောက်ခံ** **2**
2. **MYEOမှ လူငယ်များအတွက် ပြုလုပ်ပေးနေသော ဝန်ဆောင်မှုများ** **2**
3. **MYEO's Experiential Leadership Institute (ELI) အကြောင်း** **3**
4. **ELI Program ကို ပြုလုပ်ရသည့် အကြောင်းအရင်း။** **3**
5. **ELI မှတစ်ဆင့် အောင်မြင်သော လူငယ်ခေါင်းဆောင်ကောင်း တစ်ဦးဖြစ်ရန် လိုအပ်ချက်များ** **3**
6. **ELI Program ကို တက်ရန် လိုအပ်သောအရာများ** **4**
7. **Curriculum and LMS (သင်ရိုးညွှန်းတမ်းနှင့် သင်ခန်းစာများ လေ့လာနည်း)** **5**
    - Youth Leadership Development Course (Level 1) 5
    - Skilled Community Mobilizer Course (Level 2) 6
8. **LMS (သင်ခန်းစာများလေ့လာရမည့် နည်းလမ်းများ)** **7**
9. **Timetable (သင်တန်းအချိန်ဇယားများ)** **8**
    - Live Training and Discussion Call တက်ရောက်ရန် 10
    - Assessments (တတ်မြောက်မှုစစ်ဆေးခြင်း) 10
    - Feedback (မှတ်ချက် အကြံပြုချက်များပေးနည်း) 11
    - Assignments (လေ့ကျင့်ခန်းများ) 11
10. **Certificate Criteria (သင်တန်းဆင်းလက်မှတ်)** **12**
11. **Rules and Regulations (လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ)** **12**
12. **Contact (ဆက်သွယ်ရန်)** **13**
13. **FAQs (အမေးများသော မေးခွန်းနှင့်အဖြေများ)** **13**

# Myanmar Youth Empowerment Opportunities (MYEO) နောက်ခံ

မြန်မာနိုင်ငံရှိ လူဦးရေ၏ ၃၃%သည် အသက် ၁၅နှစ်ကနေ ၃၅နှစ်အတွင်း ရှိကြသော လူငယ်များဖြစ်ကြပါသည်။ ထိုလူငယ်များသည် တိုင်းပြည်တစ်ပြည်၏ ဖွံ့ဖြိုးတိုးတက်မှု တွန်းအားများ ဖြစ်သော်လည်း အများစုမှာ အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးနေကြပါသည်။ တစ်ချိန်တည်းမှာပဲ ဒေသဆိုင်ရာအဖွဲ့အစည်းများသည် ဒစ်ဂျစ်တယ်စီးပွါးရေး အလုပ်အကိုင်များအတွက် ပိုမိုအသုံးချ၍ရသော စွမ်းရည်များကို လိုလားနေကြသည်။ ခန့်မှန်းချက်များအရ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ လုပ်သားများ အနေဖြင့် စွမ်းရည်ပြတ်လပ်မှုနှင့် ကြုံတွေ့နိုင်ရချေ ရှိနေပါသည်။ MYEO သည် အဆိုပါပြဿနာများကို တစ်ထောင့်တစ်နေရာမှ ဖြေရှင်းရာတွင်ပါဝင်နိုင်ရန် တည်ထောင်ထားခြင်းဖြစ်ပါသည်။

MYEO ကို ၂၀၁၄ ခုနှစ်မှစ၍ စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုဆိုလျှင် ‘Impact-driven edutech’ တစ်ခုအနေဖြင့် ရပ်တည်နေခြင်းဖြစ်ပါသည်။ MYEO ၏ mission မှာ မြန်မာနိုင်ငံမှ ဘွဲ့ရလူငယ်များကို လိုအပ်သည့် စွမ်းရည်များ မြှင့်တင်ပေးကာ အလုပ်ခွင်နှင့် လူမှုဝန်းကျင်အတွက် တန်ဖိုးရှိသော စွမ်းရည်အရင်းအမြစ်များအဖြစ် မွေးထုတ်ပေးနိုင်ရန် ဖြစ်ပါသည်။

၂၀၁၈ – ၂၀၁၉ခုနှစ်တွင် အမေရိကန်နိုင်ငံ အခြေစိုက်ဖြစ်သော Facebook ကုမ္ပဏီမှ ကမ္ဘာပေါ်တွင် ၎င်းတို့နည်းပညာကို သုံးပြီး ပြည်သူလူထုကိုအကျိုးပြုနေသော အဖွဲ့အစည်း ၁၀၀ ကျော်ကို ရှာဖွေပြီး ဆုပေးခဲ့ပါသည်။ လျှောက်ထားသည့် အဖွဲ့အစည်းပေါင်း (၆၀၀၀)ကျော်အနက်မှ MYEO သည် မြန်မာနိုင်ငံ ကိုယ်စားပြုအနေဖြင့် ဆုရရှိခဲ့သည်။ ဖေးမကူညီမှုနှင့် Community တစ်ခုတည်ဆောက်မှုသည် မည်မျှ အရေးပါကြောင်းကို သင်ယူခဲ့ရပါသည်။

# MYEOမှ လူငယ်များအတွက် ပြုလုပ်ပေးနေသော ဝန်ဆောင်မှုများ

MYEOတွင် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ စကော်လားရှစ် အခွင့်အရေးများကို အခမဲ့ဝေမျှပေးနေသော Facebook စာမျက်နှာ၊ Digital Skills, Life Skills အကြောင်းအရာ၊ အလုပ်၊ အလုပ်သင်နှင့် ပညာသင်ဆု အခွင့်အလမ်းပို့စ်များ၊ Live Sessionများ၊ ကျွမ်းကျင်သူများ၏ Panel Discussion Session များအပြင် Facebook Messenger ကို အခြေခံထားသော Automatic Chatbot၊ သက်သာသည့် မိုဘိုင်းအခြေခံ အွန်လိုင်းသင်ယူမှု ပလက်ဖောင်း စသည်တို့ကို လူငယ်များအတွက် ဝေမျှပေးနေပါသည်။

MYEOသည် အိပ်မက်ကိုယ်စီရှိကြသော လူငယ်များအတွက် စွမ်းရည်မြှင့်တင်ပေးမည့် နေရာတစ်ခုဖြစ်သလို အဖွဲ့အစည်းများအတွက် လုပ်ငန်းခွင်ဆိုင်ရာ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးနေပါသည်။ အဖွဲ့အစည်းများအတွက် ဒစ်ဂျစ်တယ်စွမ်းရည်၊ ဘဝစွမ်းရည် သင်တန်းများနှင့် ဝန်ထမ်းများကို ပို့ချပေးပြီး အလုပ်နေရာချထားမှုနှင့် အထူးပူးတွဲစီမံကိန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

# MYEO's Experiential Leadership Institute (ELI) အကြောင်း

MYEO သည် မြန်မာနိုင်ငံတစ်ဝန်း တက္ကသိုလ်အသီးသီးတွင် ထိရောက်သော လုပ်ဆောင်ချက်များကို Experiential Leadership Institute (ELI) မှ တစ်ဆင့် 2017 ခုနှစ် တွင် စတင်ခဲ့သည်။ ဤ Institute တွင် ရွေးချယ်ခံရသော လူငယ်ခေါင်းဆောင်များသည် ရပ်ရွာအကျိုးပြုနိုင်ရန် လိုအပ်သောစွမ်းရည်များ မြှင့်တင်ရန် အလို့ငှာ MYEO ၏ တည်ထောင်သူများ စီစဉ်ပေးထားသော သက်ဆိုင်ရာ Level Division System အလိုက် ၄ပတ်ခန့် ကြာမြင့်သော Online Training Program ကို တက်ရမည် ဖြစ်သည်။
ဤ Online သင်တန်းမှတစ်ဆင့် ရရှိမည့်အကျိုးများမှာ-

- နည်းပညာနှင့် အလုပ်ခွင်ဆိုင်ရာ စွမ်းရည်များ လေ့ကျင့်ပေးခြင်း။
- ရပ်ရွာအကျိုးပြုအလုပ်များ စီစဉ်နိုင်ရန် အရင်းအမြစ်များ၊ ကျွမ်းကျင်မှုများ။
- မိမိ၏အနာဂတ် အခွင့်အရေးများအတွက် မိမိကိုယ်တိုင် တိုးတက်နေစေခြင်း။

# ELI Program ကို ပြုလုပ်ရသည့် အကြောင်းအရင်း။

MYEO သည် ဤ Programကို လူငယ်ခေါင်းဆောင်များ မှတစ်ဆင့် မြန်မာနိုင်ငံရှိ လူငယ်များအတွက် အထောက်အကူပေးနိုင်သော Platform တစ်ခုအနေနှင့် ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။ အခြေခံအားဖြင့် လူငယ်များ မိမိကိုယ်ကို မြှင့်တင်နိုင်ရန် ကူညီခြင်းဖြစ်ပါသည်။ လူငယ်ခေါင်းဆောင် တစ်ဦးအနေဖြင့် သင်သည် မြန်မာနိုင်ငံရှိ လူငယ်များ ထံသို့ အမှန်တကယ် လိုအပ်သော နည်းပညာနှင့် အလုပ်ခွင်ဆိုင်ရာ စွမ်းရည်များ လေ့ကျင့်ပေးခြင်းကဲ့သို့ ရပ်ရွာ/လူထုအကျိုးပြု လုပ်ငန်းများကို MYEO ELI နှင့်အတူ ဆောင်ရွက်ရမည်။

# ELI မှတစ်ဆင့် အောင်မြင်သော လူငယ်ခေါင်းဆောင်ကောင်း တစ်ဦးဖြစ်ရန် လိုအပ်ချက်များ

- MYEO ၏ စံနှုန်းများကို လေးစားလိုက်နာခြင်းနှင့် စွမ်းဆောင်ရည်မြင့်သော ပတ်ဝန်းကျင်တွင် အလုပ်လုပ်လိုစိတ်။
- အသစ်အသစ်သော ဗဟုသုတအသိပညာများနှင့် အကြံဉာဏ်များကို ပြင်းပြင်းပြပြ စူးစမ်းလေ့လာလိုစိတ် နှင့် သမာရိုးကျထက်သာလွန်သော တွေးခေါ်နိုင်စွမ်း။
- အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သော ပြောဆိုဆက်ဆံရေး ကောင်းမွန်မှု၊ ဖွဲ့စည်းနိုင်မှုနှင့် ခေါင်းဆောင်နိုင်စွမ်းများ။
- ပရိသတ်အကြား ယုံကြည်မှုရှိရှိ ပြောဆိုနိုင်ခြင်းနှင့် ပွဲစဉ်တစ်လျှောက်စီမံထိန်းကွပ်နိုင်မှု။
- တိကျသော အချိန်စီမံခန့်ခွဲနိုင်မှု စွမ်းရည်များနှင့် ကြိုတင်မမျှော်လင့်ထားသော အခြေအနေများ အပေါ် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နိုင်မှု။

# ELI Program ကို တက်ရန် လိုအပ်သောအရာများ

သင်တန်းတက်ရောက်ရန် ဖုန်း (သို့) လက်ပ်တော့ ရှိရန်လိုအပ်ပြီး အင်တာနက် အသင့်အတင့်ကောင်းမွန်ရန် လိုအပ်ပါသည်။ Facebook အကောင့် နှင့်ချိတ်ဆက်ထားသော Messenger မှတဆင့် ကိုယ်တိုင်သင်ယူလေ့လာမှု Self Learning ပြုလုပ်ရမည်ဖြစ်ပြီး သင်ခန်းစာများအား ပိုမိုရှင်းလင်းနားလည်စေရန် Zoom ဖြင့်ပြုလုပ်သော အတန်းများအား တက်ရောက်နိုင်ပါသည်။ Zoom Class Recording များလည်း Drive Folder ဖြင့် ပြန်လည်မျှဝေပေးမည်ဖြစ်သည်။
သင်ခန်းစာများအား ဆွေးနွေးရန်၊ ကြေညာချက်များ ရရှိရန်နှင့် ဆရာများနှင့်တွေ့ဆုံနိုင်ရန် Telegram Group များ ပြုလုပ်ပေးထားပါသည်။ သင်တန်းသားတို့သည် ဆန်းစစ်မှု test များအား အပတ်စဉ်ဖြေဆိုရမည်ဖြစ်ပြီး မိမိအားလပ်ချိန်တွင် ၁၀ မိနစ် မှ ၁၅ မိနစ် ခန့် အချိန်ပေးကာ ဖြေဆိုနိုင်ပါသည်။
သင်တန်းသားတိုင်းအတွက် ကျောင်းသားအမှတ် Student ID တစ်ခုစီရရှိမည်ဖြစ်ပြီး၊ ထို ID နံပါတ်သည် Facebook အကောင့်နှင့်ချိတ်ဆက်ထားသောကြောင့် အကောင့်တစ်ခုတည်းကိုသာ သင်တန်းအစမှ အဆုံး အသုံးပြုရမည်ဖြစ်သည်။
Student ID ကျောင်းသားအမှတ်ရယူရန် “**What is my ID?”** ဟူသော စာသားအား MYEO Messenger သို့ပေးပို့ပါ။
အရေးကြီးဆုံး ကဏ္ဍတစ်ခုမှာ သင်တန်းကာလ စည်းကမ်းချက်များစာချုပ် နှင့် Service Learning ကာလ စည်းကမ်းချက်များ စာချုပ်ကိုလည်း ချုပ်ဆိုရမည်ဖြစ်ပါသည်။

ချုပ်ဆိုရမည့် စာချုပ်- ELI Batch-7 Level 1 & 2 Students Contract.docx

# Curriculum and LMS (သင်ရိုးညွှန်းတမ်းနှင့် သင်ခန်းစာများ လေ့လာနည်း)

ELI Program သည် ၄ ပတ်တာ ကြာမြင့်မည်ဖြစ်ပြီး လေ့လာသင်ယူရမည့် သင်ခန်းစာများအား အပတ်စဥ် အလိုက် ခွဲခြားထားပါသည်။

Youth Leadership Development Course (Level 1)

| **Week (အပတ်စဥ်)** | **Learning Materials (သင်ခန်းစာများ)** |
|---|---|
| Week 1 | • Youth and Service Leadership<br>• Gmail<br>• Google Drive<br>• Various types of community engagement |
| Week 2 | • Google Docs<br>• Google Sheets<br>• Communication skill<br>• Google forms<br>• Community Building<br>• Youth Leadership in promoting social cohesion for stronger communities in Myanmar |
| Week 3 | • Google slides<br>• Presentation skill<br>• Time Management<br>• Google Classroom<br>• Problem-Solving Skill<br>• Collaboration skill |
| Week 4 | • Zoom<br>• Online facilitation techniques and tools<br>• Critical Thinking Skill<br>• Introduction to Project Management |

## Skilled Community Mobilizer Course (Level 2)

| Week (အပတ်စဉ်) | Learning Materials (သင်ခန်းစာများ) |
|---|---|
| Week 1 | • Public Speaking Skills<br>• Definition of Facilitation & qualities of Facilitator<br>• Duties and Responsibilities of a Trainer<br>• Interactive activities for facilitation<br>• Empower youth and team |
| Week 2 | • Youth Capacity Building<br>• Team Building<br>• Ideas of Community Building and Advocacy<br>• Social Work, Engagement and Relationship Building<br>• Conflict Resolution |
| Week 3 | • Community Organizing?<br>• Types of Community Organizing and (4) Requirements to Analysis<br>• Community Organizing Process<br>• Community Leadership<br>• Stakeholder Relationship Management |
| Week 4 | • SWOT Analysis<br>• Case study for organization<br>• CV writing<br>• Cover Letter Writing |

# LMS (သင်ခန်းစာများလေ့လာရမည့် နည်းလမ်းများ)

Learning Management System LMS သည် သင်ခန်းစာများလေ့လာခြင်း၊ လေ့ကျင့်ခန်းများကြည့်ခြင်း တင်ခြင်း၊ ဆန်းစစ်မှုများဖြေဆိုခြင်း၊ အကြံပြုချက်များပေးခြင်း၊ နှင့် သင်တန်းပြီးမြောက်ကြောင်းလက်မှတ်များ ထုတ်ယူနိုင်ရန်အတွက် ပြုလုပ်ထားသော စနစ်တစ်ခု ဖြစ်ပါသည်။

MYEO တွင် Messenger ကို အခြေခံထားသော အလိုလျောက်သင်ကြားသည့် Chatbot စနစ်ကို အသုံးပြုထားပါသည်။ ထို့ကြောင့် သင်တန်းသားများသည် Messenger Chatbot မှ တဆင့် စာလေ့လာခြင်းအပါအဝင် အထက်ဖော်ပြပါအချက်များကို မိမိတို့စာရင်းပေးသွင်းခဲ့သော Facebook Messenger ကို အသုံးပြုကာ လုပ်ဆောင်ကြရမည်ဖြစ်သည်။

ELI Program အတွက် Messenger Chatbot တွင် သင်ခန်းစာ လေ့လာနိုင်ရန်

Youth Leadership Development Course (Level 1)အတွက်

**improve leadership skill** နှင့်

Skilled Community Mobilizer Course (Level 2)အတွက်

**social impact leader**

ဟူသော စာသားအား MYEO Messenger သို့ပေးပို့ရမည်ဖြစ်သည်။ စာရင်းပေးသွင်းထားသည့် အကောင့်များကိုသာ စာပြန်မည်ဖြစ်သောကြောင့် မိမိတို့အသုံးပြုမည့် အကောင့်သည် အစမှ အဆုံးအထိ တစ်ခုတည်းဖြစ်ရပါမည်။

သင်ခန်းစာရယူနည်းအား အောက်ပါ Link ကိုနှိပ်၍ ဗီဒီယိုကြည့်ရှု လေ့လာနိုင်ပါပြီ။

| | **သင်ခန်းစာရယူနည်း နှင့် သင်ခန်းစာလေ့လာနည်း** |
|---|---|
| Level 1 | How to access learning materials and how to learn |
| Level 2 | How to access learning materials |

သင်ခန်းစာများအား အပတ်စဉ် ကြိုတင်လေ့လာရမည်ဖြစ်ပြီး တနင်္လာမှ တနင်္ဂနွေ အထိအား တစ်ပတ်ဟု သတ်မှတ်ပါသည်။

Zoom အတန်းချိန်မတိုင်မီ သတ်မှတ်သင်ခန်းစာများအား လေ့လာထားရမည်ဖြစ်ပါသည်။

# Timetable (သင်တန်းအချိန်ဇယားများ)

## Youth Leadership Development Course

Assignment များကို တနင်္ဂနွေ နေ့တိုင်း အချိန်မီ တင်ပေးရန်။

Zoom call - 2:00 pm to 4:00 pm

| | | | | | | |
|---|---|---|---|---|---|---|
| | | | | Friday 2 Orientation Call | Saturday 3 Self-study | Sunday 4 Self-study |
| Monday 5 Self-study | Tuesday 6 Zoom call 1 | Wednesday 7 Self-study | Thursday 8 Zoom call 2 | Friday 9 Self-study | Saturday 10 Quiz deadline | Sunday 11 Assignment deadline |
| Monday 12 Self-Study | Tuesday 13 Zoom call 4 | Wednesday 14 Self-study | Thursday 15 Zoom call 4 | Friday 16 Self-study | Saturday 17 HOC webinar | Sunday 18 Quiz &Assignment deadline |
| Monday 19 Self-Study | Tuesday 20 Zoom call 5 | Wednesday 21 Self-study | Thursday 22 Zoom call 6 | Friday 23 Self-study | Saturday 24 Quiz deadline | Sunday 25 Assignment deadline |
| Monday 26 Self-Study | Tuesday 27 Zoom call 5 | Wednesday 28 Self-study | Thursday 29 Zoom call 6 | Friday 30 Quiz &Assignment deadline | Saturday 31 Post-test & feedback deadline | |

## Skilled Community Mobilizer Course

Assignment များကို တနင်္ဂနွေ နေ့တိုင်း အချိန်မီ တင်ပေးရန်။

Zoom call - 2:00 pm to 4:00 pm

| | | | | | | |
|---|---|---|---|---|---|---|
| | | | | Friday 2 Orientation Call | Saturday 3 Self-study | Sunday 4 Self-study |
| Monday 5 Self-study | Tuesday 6 Self-study | Wednesday 7 Zoom call 1 | Thursday 8 Self-study | Friday 9 Zoom call 2 | Saturday 10 Quiz deadline | Sunday 11 Assignment deadline |
| Monday 12 Self-Study | Tuesday 13 Self-study | Wednesday 14 Zoom call 4 | Thursday 15 Self-study | Friday 16 Zoom call 4 | Saturday 17 HOC webinar | Sunday 18 Quiz &Assignment deadline |
| Monday 19 Self-Study | Tuesday 20 Self-study | Wednesday 21 Zoom call 5 | Tuesday 22 Self-study | Friday 23 Zoom call 6 | Saturday 24 Quiz deadline | Sunday 25 Assignment deadline |
| Monday 26 Zoom call 5 | Tuesday 27 Self-Study | Wednesday 28 Zoom call 6 | Thursday 29 Quiz &Assignment deadline | Friday 30 Zoom call 7 | Saturday 31 Post-test & feedback deadline | |

## Live Training and Discussion Call တက်ရောက်ရန်

Zoom Link များကို MYEO messenger တွင် ထည့်သွင်းပေးထားမည်ဖြစ်ပါသည်။
Zoom အတန်းတက်သည့်အခါ မိမိ၏ အမည်ကို Nickname +Student ID (ဥပမာ - Thazin 12345 ) အဖြစ်ထားရှိရမည်။ ID ပြောင်းမှသာ အတန်းခေါ်ကြိမ်ရရှိမည်ဖြစ်သည်။
Zoom အတန်းချိန်များမတက်ရောက်နိုင်ပါက @myeocommunity Telegram အကောင့်တွင် ခွင့်တိုင်ရန်လိုအပ်ပြီး၊ စုစုပေါင်း ၈ ချိန်ရှိသည့် အနက် အနည်းဆုံး ၄ ချိန် တက်ရောက်ရမည်ဖြစ်ပါသည်။ **ခွင့်တိုင်ရန်အတွက် Student ID - 123456 နှင့် Case အကြောင်းအရင်း - အလုပ်ကိစ္စ၊ နေမကောင်းပါ၍၊ စသဖြင့် ရေးသားပေးပို့ပါ။**
Zoom အတန်းများအတွက် recording video များအား အောက်ပါ Folder ထဲတွင် ပြန်လည်မျှဝေပေးသွားမည်ဖြစ်သည်။

| | **Recording Folder** |
|---|---|
| Level 1 | ELI Batch 7 Level-1 |
| Level 2 | ELI Batch 7 Level-2 |

## Assessments (တတ်မြောက်မှုစစ်ဆေးခြင်း)

အပတ်စဉ် လေ့လာသင်ယူရသော သင်ခန်းစာများအတွက် Quiz ဆန်းစစ်မှုများရှိမည်ဖြစ်ပြီး ၁၀ မိနစ်ခန့်သာကြာမြင့်မည်ဖြစ်ပါသည်။ မိမိအားလပ်ချိန်တွင် ဖြေဆိုနိုင်ပြီး အပတ်စဉ် တနင်္ဂနွေနေ့ နောက်ဆုံးထား၍ ဖြေဆိုရပါမည်။
Quiz ဆန်းစစ်မှုများမှာ

- Pre Assessment
- Week 1 Quiz
- Week 2 Quiz
- Week 3 Quiz
- Week 4 Quiz
- Post Assessment တို့ဖြစ်ပြီး မဖြစ်မနေ ဖြေဆိုရပါမည်။

Quiz ဖြေဆိုနည်း Video ကြည့်ရှုရန် အောက်ပါ Link ကို နှိပ်ပါ။

| | Quiz ဖြေဆိုနည်း |
|---|---|
| Level 1 | How to answer Quizz |
| Level 2 | How to answer quizz |

## Feedback (မှတ်ချက် အကြံပြုချက်များပေးနည်း)

အပတ်စဉ် လေ့လာသင်ယူရသော သင်ခန်းစာများနှင့် အတန်းချိန်များ၏ သင်ကြားမှု များအတွက် မှတ်ချက်များပေးရန်လိုအပ်ပါသည်။ မှတ်ချက်များသည် နောက်လာမည် သင်တန်းများအား ပိုမိုကောင်းမွန်စွာ စီစဥ်နိုင်ရန် အလွန်အရေးပါသောကြောင့် ဖြေဆိုရန် တိုက်တွန်းပါသည်။

- Week 1 Feedback
- Week 2 Feedback
- Week 3 Feedback
- Week 4 Feedback
- Overall Feedback ဟူ၍ ၅ ခုရှိပါသည်။ အပတ်စဥ် ဖြေကြားပေးရပါမည်။

| | **Feedback ပေးနည်း** |
|---|---|
| Level 1 | How to give feedback |
| Level 2 | How to give feedback |

## Assignments (လေ့ကျင့်ခန်းများ)

အပတ်စဉ် လေ့လာသင်ယူရသော သင်ခန်းစာများနှင့် အတန်းချိန်များ၏ သင်ကြားမှုများအပေါ် အခြေခံ၍ လေ့ကျင့်ခန်းများ မဖြစ်မနေ တင်ရန် လိုအပ်ပါသည်။ လေ့ကျင့်ခန်းများသည် သင်တန်းသားတစ်ဦးချင်းစီ၏ တတ်မြောက်မှုကို ဆန်းစစ်သည့် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ထို့ကြောင့် သင်တန်းသားတိုင်း မဖြစ်မနေ မိမိကိုယ်တိုင် တင်ရမည်ဖြစ်သည်။ သို့မှသာ လေ့ကျင့်ခန်းအတွက် အမှတ်ရရှိပါမည်။

- Week 1 Assignment
- Week 2 Assignment (1)
- Week 2 Assignment (2)
- Week 3 Assignment (1)
- Week 3 Assignment (2)
- Week 4 Assignment ဟူ၍ စုစုပေါင်း ၆ ခုရှိပါသည်။ အပတ်စဥ် တင်ပေးရပါမည်။

| | **Assignment ကြည့်နည်းနှင့် Assignment တင်နည်း** |
|---|---|
| Level 1 | How to upload assignment |
| Level 2 | How to submit assignment |

## Certificate Criteria (သင်တန်းဆင်းလက်မှတ်)

တစ်လတာသင်တန်းပြီးလျှင်ပြီးချင်း သင်တန်းဆင်းလက်မှတ်ပေးမည်မဟုတ်ပါ Service Learning ပြီးမှသာ သင်တန်းဆင်းလက်မှတ် ပေးမည်ဖြစ်ပါသည်။

သတ်မှတ်ချက်များမှာ

1. Certificate ရရှိရန် အတန်းခေါ်ကြိမ် ၅၀% ရှိရမည်။
2. သင်ခန်းစာများအားလုံးကို လေ့လာရမည်။
3. Assignment အားလုံးကိုယ်တိုင်တင်ရမည်။
4. ဆန်းစစ်မှု Quiz များ ဖြေဆိုရမည်။
5. Post Test သင်တန်းအပြီးစစ်ဆေးမှုအား မဖြစ်မနေ ဖြေဆိုရမည်။

သင်တန်း၏ Service Learning ဝင်ရောက်ရန် သတ်မှတ်ချက်မှာ Attendance 30% + Test 30% + Assignment 40% ဖြစ်ပြီး အမှတ် (၅၀) နှင့်အထက် ရရှိမှသာ Service Learning ဆက်လက်ပါဝင်ခွင့်ရှိမည်ဖြစ်ပါသည်

## Rules and Regulations (လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ)

အွန်လိုင်း မှတဆင့် စာသင်ကြားသည့်အခါ လိုက်နာသင့်သည့် ကျင့်ဝတ်များ၊ လူပုဂ္ဂိုလ်ဆိုင်ရာ နှင့် ဒေတာလုံခြုံရေး ကျင့်ဝတ်များကို ဖော်ပြထားပါသည်။ သင်တန်းသားများအားလုံး အနေဖြင့် အောက်ပါ အချက်အလက်များကို မပျက်မကွက်လိုက်နာရပါမည်။

1. Zoom Class စာသင်ခန်းသို့ အချိန်မီ၊ နောက်မကျပဲ ရောက်ရှိရပါမည်။
2. အင်တာနက်လိုင်းနှေးကွေးမှု နှင့် စာသင်ကြားမှုကို အနှောက်အယှက် မဖြစ်စေရန် သင်တန်းချိန်အတွင်း မိမိ၏ ဗီဒီယိုကင်မရာ ပိတ်ထားရမည်။
3. လေ့လာ သင်ယူရန်အတွက် ကောင်းမွန်သော၊ လုံခြုံစိတ်ချရသော နေရာခင်းကျင်းတစ်ခုတွင် ရှိရပါမည်။ အကယ်၍ မိမိ နေထိုင်ရာ အရပ်တွင် အွန်လိုင်းမီတင်ပြုလုပ်ရန်အတွက် အဆင်မပြေမှုများ ရှိလာပါက သက်ဆိုင်ရာ facilitator များအား အကြောင်းကြားရပါမည်။
4. ခွင့်တင်ရာတွင် ID နှင့် အကြောင်းအရာကို ရေးသား၍ MYEO ၏ Telegram အကောင့်ဖြစ်သော @myeocommunity သို့ ကြိုတင် အကြောင်းကြားရပါမည်။
5. အကယ်၍ မိမိ၏ နေရာတွင် ဆူညံသံများ ရှိနေပါက၊ သို့မဟုတ် စကားမပြောနေပါက အသံပိတ်ခြင်း (Mute) ကို ပြုလုပ်ရပါမည်။
6. သင်ခန်းစာများကို မှတ်စုထုတ် လေ့လာမှတ်သားရန်အတွက် ပြင်ဆင်ထားရပါမည်။
7. သင်တန်းချိန်အတွင်း အာရုံစူးစိုက်မှု အပြည့်ထားရှိ ပြီး အတန်းတွင်းလှုပ်ရှားမှု များတွင် ပါဝင်ရပါမည်။
8. အတန်းချိန်အတွင်း မေးခွန်းများမေးလိုပါက၊ ဆွေးနွေးလိုပါက Zoom Reaction မှ Raise Hand လုပ်ပေးရပါမည်။

9. မရှင်းလင်းသည်များ၊ ဆွေးနွေးလိုသည်များအတွက်Telegram Group တွင် မေးခွန်းများ ရေးသားကာ မေးမြန်းဆွေးနွေးရပါမည်။
10. အခြားသူများ၏ ဆွေးနွေးမှုများအား လေးစားသမှု ရှိရပါမည်။ မတူကွဲပြားမှုများကို လက်ခံနားလည်ရပါမည်။
11. ဆန်းစစ်မှုများဖြစ်သော Assignments, Test, Quiz နှင့် Feedback များအား သတ်မှတ်ချိန်အတွင်းဖြေဆိုရပါမည်။
12. အွန်လိုင်း သင်တန်း ဆွေးနွေးမှုများ ပြုလုပ်နေစဉ် ခွင့်ပြုချက်မရှိပဲ screenshot ရိုက်ခြင်း၊ ဆိုရှယ်မီဒီယာ နှင့် အင်တာနက်တွင် တင်ခြင်း၊ မျှဝေခြင်းများ မပြုလုပ်ရပါ။
13. သင်တန်းဆရာ၊ ဆရာမများ နှင့် အခြားသော သင်တန်းဖော်များ၏ ကိုယ်ရေးအချက်များ မျှဝေခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရပါ။
14. ကိုယ်ရေးကိုယ်တာ အချက်အလက်များ (ဥပမာ- အမည်အရင်း၊ မွေးနေ့၊ မှတ်ပုံတင်အမှတ်၊ အိမ်လိပ်စာ စသည့် personal identity များ) ပြောဆိုဆွေးနွေးခြင်း၊ မျှဝေခြင်း မပြုလုပ်ရပါ။
15. သင်တန်းသားအချင်းချင်းကြား သင်တန်းနှင့် မသက်ဆိုင်သော အကြောင်းအရာများအပေါ် အခြေခံ၍ ဖြစ်ပေါ်လာသော အချင်းပွားမှု၊ အငြင်းပွားမှုများကို သင်တန်းမှ တာဝန်ယူဖြေရှင်းပေးခြင်း နှင့် သင်တန်းနှင့် သက်ဆိုင်ခြင်းရှိမည် မဟုတ်ပါ။ Private Chat များတွင် ဖြစ်ပေါ်သော ပြဿနာများအားလဲ ရှင်းလင်းပေးမည် မဟုတ်ပါ။
16. ထို့အပြင် သင်တန်းကာလ စည်းကမ်းချက်များစာချုပ် နှင့် Service Learning ကာလ စည်းကမ်းချက်များ စာချုပ်ကိုလည်း ချုပ်ဆိုရမည်ဖြစ်ပါသည်။

## Contact (ဆက်သွယ်ရန်)

- သင်ခန်းစာနှင့်ပက်သက်သည်များအား မေးမြန်းရန် "Telegram Group" တွင် ဆက်သွယ်ပါ။
- ခွင့်တိုင်ရန်နှင့် သီးသန့်ဆွေးနွေးလိုသည်များအတွက် @myeocommunity , Telegram Admin အကောင့်ကို ဆက်သွယ်နိုင်သည်။ ရုံးချိန် **မနက် ၉ နာရီမှ ညနေ ၆ နာရီ**အတွင်း ပြန်လည်ဖြေကြားပေးမည်ဖြစ်သည်။
- အိမ်စာများရှိလာပါက အိမ်စာထပ်ရန် faci@mymyeo.com သို့ email ပေးပို့ရမည်။

## FAQs (အမေးများသော မေးခွန်းနှင့်အဖြေများ)

**** နံပါတ် 1,2,... တပ်ထားသည်မှာ အမေးဖြစ်လျှင် bullet point ပြထားသည်မှာ အဖြေဖြစ်သည်။**

1. Student ID ဘယ်လိုသိရမလဲ။
    - Student ID ကျောင်းသားအမှတ်ရယူရန် **What is my ID?** ဟူသော စာသားအား MYEO Messenger သို့ပေးပို့ပါ။

2. Student ID က ဘယ်နေရာမှာ သုံးရမှာလဲ။
    - အတန်းချိန် attendance ရယူဖို့နဲ့ Certificate ရယူဖို့ သုံးပါတယ်။ အကောင့်က တစ်ခုထဲဖြစ်ရပါမယ်။
3. အတန်းချိန်မှာ မအားလို့ မတက်လို့ ရလား။
    - ခွင့်ယူနိုင်ပါတယ်။ စာပြန်လေ့လာဖို့လိုပါတယ်။
4. အတန်းချိန်မပြည့်ရင် ဘာဖြစ်မှာလဲ။
    - အတန်းချိန်များအတွက် recording ပြန်ပေးပါမည်၊ အတန်းခေါ်ချိန်သည် သင်တန်းပြီးမြောက်ကြောင်းအတွက် အမှတ်အနေဖြင့် သတ်မှတ်ပါသည်။
5. Certificate ရအောင် ဘယ်လိုလုပ်ရမလဲ။
    - သင်ခန်းစာတွေကို အကုန်လေ့လာပါ။
    - Assignemnt အကုန်ထပ်ပါ။
    - Pre-Test, Post Test နဲ့ Quiz တွေ သေချာဖြေဆိုပါ။
    - အတန်းချိန်ကို တတ်နိုင်သမျှလာရောက်ပေးပါ။ မလာနိုင်လျှင် ခွင့်တိုင်ပေးပါ။
6. ခွင့်ဘယ်လိုတိုင်ရမလဲ။
    - ခွင့်တိုင်ရန်အတွက် , Student ID - 123456, Case အကြောင်းအရင်း - အလုပ်ကိစ္စ၊ နေမကောင်းပါ၍၊ စသဖြင့် ရေးသားကာ **@myeocommunity** Telegram အကောင့်သို့ပေးပို့ပါ။
7. ပထမရက်က မအားလို့ နောက်ရက်မှ တက်လို့မရဘူးလား။
    - မရပါဘူး၊ သတ်မှတ်အတန်းချိန်တွေမှာ သင်ရမယ့် သင်ခန်းစာတွေကို ကြိုတင်ပြင်ဆင်ထားလို့ပါ။
8. Facebook နဲ့ messenger သုံးမရတော့ရင် ဘယ်ကနေ လေ့လာရမလဲ။
    - မရတဲ့သူများလာရင် Telegram ကနေ စာလေ့လာလို့ရအောင် စီစဉ်ပေးမှာဖြစ်ပါတယ်။
9. သင်ခန်းစာ Link တွေ တိုက်ရိုက်ချပေးလို့မရဘူးလား။ ဘာလို့ Messenger ကနေ ယူရတာလဲ။
    - Messenger မှာ Chatbot စနစ်တည်ဆောက်ပြီး MYEO ရဲ့ Learning Mangement System ပြုလုပ်ထားတာဖြစ်ပါတယ်။ ကျောင်းသားတစ်ဦးချင်းရဲ့အချက်အလက်နဲ့တကွ စာလေ့လာမှု၊ အတန်းတက်မှု၊ Test များ၊ Quiz များ၊ Assignment များ၊ Feedback များ ဖြေဆိုမှု အားလုံးကို တစ်နေရာထဲမှာ ရရှိနိုင်ရန် ဖန်တီးထားတဲ့ စနစ်ဖြစ်ပါတယ်။
    - MYEO ကနေ Telegram မှာပါ လေ့လာလို့ရအောင် ဖန်တီးနေတာဖြစ်လို့ အခက်အခဲရှိနေရင် @myeocommunity မှာ အပွင့်လင်းဆုံး Constructive Feedback (a response to someone's activity aimed at helping them become more effective) များ ပေးနိုင်ပါတယ်။